# လေဆင်နှာမောင်းအတွက် အသင့်ပြင်ဆင်မှု

## စီစဉ်ပါ

### အသင့်ပြင်ဆင်ထားပါ

#### လေဆင်နှာမောင်း မသက်ရောက်မီ

- ရေဒီယိုကို နားထောင်ပါ (သင့်ထံ၌ ဓာတ်ခဲအပိုများရှိရန် သေချာပါစေ)
- သင့်ထံ၌ အရေးပေါ်အခြေအနေတွင်လိုအပ်သည့် ပစ္စည်းကိရိယာအစုံအလင် အဆင်သင့် ရှိမရှိနှင့် အနီးအနားတွင် ရှိ၊ မရှိ စစ်ဆေးပါ
- အိမ်ပြင်ပသုံး ပစ္စည်းများအားလုံး နှင့် ပရိဘောဂအားလုံးတို့ကို ချည်နှောင်ပြီး ထုပ်ပိုးပါ
- ပြတင်းပေါက်များ၊ တံခါးများကို သစ်သားပြားဖြင့် ကာပါ သို့မဟုတ် မှန်ကို တိတ်ပြားဖြင့် ကန့်လန့်ဖြတ် ကပ်ပြီး တံခါးများအားလုံးကို ပိတ်ထားပါ
- သင်၏ ယာဉ်ကို ဓာတ်ဆီအပြည့်ဖြည့်ထားပြီး၊ ၎င်းကို ဖြစ်နိုင်ပါက အမိုးအကာအောက်တွင် ရပ်နားထားရန် သေချာပါစေ
- သင်၏ လှေ နှင့်/သို့မဟုတ် နောက်တွဲလူနေယာဉ်တို့ကို ကားရုံထဲတွင် ထားထားရန် သေချာပါစေ၊ ထိုသို့မလုပ်နိုင်လျှင် ၎င်းတို့အား စိတ်ချစွာ ဆိုင်းတွယ်ထားနိုင်သည့်နေရာတစ်ခုတွင် ခိုင်ခံ့သောကြိုးများဖြင့် ချည်နှောင်ထားရန် အတတ်နိုင်ဆုံးကြိုးစားပါ
- နောက်တွဲလူနေယာဉ် နှင့် ရွက်ဖျင်တဲများမှ ဘေးကင်းရာသို့ စွန့်ခွာပါ
- အကယ်၍ ထိုနေရာသို့ အလည်အပတ်သွားလျှင် သင်နေထိုင်နေသော နေရာပိုင်ရှင်အား သင့်အနေနှင့် မည်သည်ကို လုပ်သင့်သည်၊ မည်သည့်နေရာသို့သွားနိုင်သည်ကို မေးမြန်းပါ
- သောက်ရေဘူးများ၊ ရေချိုးစည်နှင့် ရွှေ့နိုင်ပြောင်းနိုင်သော အမှိုက်ပုံးကြီးထဲ၌ ရေဖြည့်ထားပါ။ အကယ်၍ ရေပေးစနစ် ထိခိုက်ပျက်စီးသွားခဲ့လျှင် ဤရေကို အိမ်သာများ ဆေးကြောရာ၌ အသုံးပြုနိုင်သည်
- လျှပ်စစ်မီး ပြတ်တောက်ခဲ့သည်ရှိသော် ရေကို လိုလိုမယ်မယ် ခဲထားပါ
- အရေးကြီးသောစာရွက်စာတမ်းများနှင့် အဖိုးတန်ပစ္စည်းများကို ပလတ်စတစ်အိတ်များ သို့မဟုတ် ရေလုံသေတ္တာများထဲတွင်ထည့်ပြီး လုံခြုံစိတ်ချရသောနေရာတွင် ထားပါ
- မရှိမဖြစ်သုံးရန် မလိုအပ်သော လျှပ်စစ်ပစ္စည်းကိရိယာအားလုံးကို ခလုတ်ပိတ်ပြီး ပလပ်ဖြုတ်ထားပါ

#### လေဆင်နှာမောင်း သက်ရောက်နေစဉ် အတောအတွင်း

- သတိပေးနှိုးဆော်ချက်များနှင့် အကြံပေးချက်အားလုံးကို သိရှိရန်အတွက် ဓာတ်ခဲအားသုံး ရေဒီယိုကို အဆက်မပြတ် နားထောင်နေပါ
- အတွင်းပိုင်း၌ လုံခြုံစွာနေပြီး သင်နှင့် သင့်မိသားစု စိတ်အေးအေးထားပါ
- အဆောက်အဦ၏ အခိုင်ခံ့ဆုံး အစိတ်အပိုင်းများဖြစ်လေ့ရှိသော ရေချိုးခန်း၊ အိမ်သာ သို့မဟုတ် အိမ်အတွင်းစင်္ကြံတို့တွင် ခိုလှုံ၍ အကွယ်အကာယူပါ
- မွေ့ရာများ နှင့် စောင်များသည် သင့်ကို အကာအကွယ်ပေးနိုင်ဖွယ်ရှိမည်
- လေဆင်နှာမောင်း လေငြိမ်ရပ်ဖြစ်သော ဗဟိုချက်ကို သတိထားပါ။ **အထဲတွင်နေပါ။**

#### လေဆင်နှာမောင်း စဲပြီးနောက်

- လေဆင်နှာမောင်း ကျော်လွန်ပြီးစီးသွားပြီဖြစ်ကြောင်းကို ရေဒီယိုမှ တရားဝင် မကြေငြာမချင်း အထဲတွင်နေပါ
- ပြိုလဲသွားသော ဓာတ်မီးကြိုးများမှ ဝေးဝေးနေပါ။ ပြိုလဲနေသော ဓာတ်မီးကြိုးများ၌ လျှပ်စစ်ဓာတ်အားရှိနေဆဲဖြစ်သည်ဟု အမြဲမှတ်ယူပါ
- ရေကြီးနေသည့် နေရာမှ ရှောင်ရှားနေပါ

## ထုပ်ပိုးပါ

### အရေးပေါ်အခြေအနေတွင် လိုအပ်သည့် ပစ္စည်းကိရိယာများ စာရင်းဇယား

- [ ] ဓာတ်ခဲအားသုံး ရေဒီယို နှင့် ဓာတ်ခဲအပိုများ
- [ ] လက်နှိပ်ဓာတ်မီး နှင့် ဓာတ်ခဲအပိုများ
- [ ] ဖယောင်းတိုင်များ၊ မီးခတ် နှင့် ရေစိုခံ မီးခြစ်များ*
- [ ] အလုံပိတ်ထားသော ဘူးများ၌ ထည့်ထားသောရေ (တစ်ဦးလျှင် 10 လီတာ)
- [ ] 3-4 ရက်စာအတွက် လုံလောက်မည့် မပုပ်သိုးလွယ်သော အစားအသောက်
- [ ] လောင်စာပါရှိပြီး ရွှေ့ရှားနိုင်သော ဓာတ်ငွေ့သုံး မီးဖို*
- [ ] သံဘူးဖောက် ကိရိယာ နှင့် အသုံးအဆောင်ပစ္စည်းများ
- [ ] ပုံစံမျိုးစုံအရသုံးနိုင်သော လက်ကိုင် ကိရိယာ တန်ဆာပလာ
- [ ] ရှေးဦးသူနာပြုပစ္စည်းကိရိယာအစုံအလင်နှင့် လက်စွဲစာအုပ်
- [ ] ဆေးဝါး
- [ ] တစ်ကိုယ်ရေ သန့်စင်မှုပစ္စည်းများ နှင့် အမျိုးသမီးများသုံး ပစ္စည်းများ
- [ ] အဝတ်အစားအပိုများ နှင့် ခိုင်ခံ့သောဖိနပ်များ
- [ ] နို့စို့အရွယ်ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် အထူးလိုအပ်သောပစ္စည်းများ
- [ ] အိမ်မွေးတိရိစ္ဆာန်အစားအစာ၊ ရေ နှင့် တိရစ္ဆာန်များအတွက် လိုအပ်သော အခြားပစ္စည်းများ
- [ ] ငွေသား (ငွေထုတ်စက်များကို အသုံးပြုနိုင်ဖွယ်ရှိမည်မဟုတ်ပါ)
- [ ] ကိုယ်ရေးကိုယ်တာ စာရွက်စာတမ်းများ (အာမခံလက်မှတ်များ၊ ဓာတ်ပုံများ၊ စသည်)
- [ ] (အဝတ်အစားနှင့် တန်ဖိုးရှိပစ္စည်းများထည့်ရန်အတွက်) ခိုင်ခံ့သော ပလပ်စတစ်အိတ်များ
- [ ] အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များ

* သင့်အနေနှင့် ဤပစ္စည်းများကို ခိုလှုံရသည့်နေရာ၌ သုံးရန် တတ်နိုင်ဖွယ်ရှိလိမ့်မည်မဟုတ်ပါ




## နားဆင်ပါ

### သင်၏ဒေသခံ ရေဒီယိုစခန်းမှ အသံလှိုင်းကို ဖမ်းယူ နားဆင်ပါ။

| | |
|---|---|
| ABC Cairns | 801 AM, 106.7 & 95.5 FM |
| ABC Cairns (Mossman နှင့် Port Douglas) | 639 AM, 90.1 FM |
| Cairns FM (Community Multicultural) Radio | 89.1 FM |
| Bumma Bippera Media | 98.7 FM |
| Zinc Cairns | 102.7 FM |
| 4CA AM | 846 AM |
| Hot FM | 103.5 FM |
| Sea FM | 99.5 FM |
| 4AM Port Douglas | 1422 AM |
| Port Douglas FM | 90.9 FM |

#### ကောင်စီအား ဆက်သွယ်ရန် အရေးပေါ် ဖုန်းနံပါတ်များ

| | |
|---|---|
| လေဆင်နှာမောင်း မသက်ရောက်မီ သတင်းအချက်အလက်အတွက် | 4044 3044 |
| လေဆင်နှာမောင်း သက်ရောက်နေစဉ်အတောအတွင်း သတင်းအချက်အလက်များအတွက် | 4044 3377 |

#### အခြား ဆက်သွယ်ရန် အရေးပေါ် ဖုံးနံပါတ်များ

| | |
|---|---|
| ရဲ / လူနာတင်ကား / မီးသတ်အဖွဲ့ | 000 |
| ပြည်နယ် အရေးအပေါ် အဖွဲ့အစည်း (SES) | 132 500 |
| Ergon Energy | 132 296 |
| အဓိက လမ်းမကြီးများ | 131 940 |

#### အချိန်မှန်သတင်းများ နှင့် နောက်ဆုံးလက်ရှိအခြေအနေသတင်းများ

လေဆင်နှာမောင်း သို့မဟုတ်၊ ဆိုးရွားပြင်းထန်သော ရာသီဥတု သို့မဟုတ်၊ သဘာဝဘေးအန္တရာယ်ကို စတင်သတိပေးရန် အခြေအနေဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဤဆက်သွယ်ရေးလမ်းကြောင်းများ ပွင့်မည်ဖြစ်သည်။

For more info visit:
**www.cairns.qld.gov.au/disaster**

Like us:
**CairnsDCC**

Follow us:
**@CairnsDCC**

### ဒေသခံများနှင့် ဧည့်သည်များအတွက် သတင်းအချက်အလက်



**စီစဉ်ပါ**
အိမ်ထောင်စုအတွက် အရေးပေါ်အစီအစဉ်ကို ရေးဆွဲပါ

**ထုပ်ပိုးပါ**
အရေးပေါ်အခြေအနေတွင် လိုအပ်သည့်ပစ္စည်းကိရိယာအစုံ အလင်ကို ထုပ်ပိုးပါ

**နားဆင်ပါ**
သတင်းအချက်အလက်များကို အစဉ်ရယူသိရှိနေပါ

Small steps can make a world of difference. Recycled paper.

Cairns Regional Council

# လေဆင်နှာမောင်းများ အကြောင်း

## လေဆင်နှာမောင်းဆိုသည်မှာ အဘယ်နည်း

လေဆင်နှာမောင်းဟူသည် ပစ္စည်း၊ အိမ်ရာနှင့် အဆောက်အအုံများအား အလွန်ကျယ်ပြန့်စွာ ပျက်စီးဆုံးရှုံးစေနိုင်သော အလွန်ပြင်းထန်သည့် လေများနှင့် သည်းထန်သောမိုးတို့နှင့်အတူ အပူပိုင်းဒေသတွင် ဖြစ်ပွားသော မုန်တိုင်းဖြစ်သည်။ လေဆင်နှာမောင်း၏ "မျက်စိ" သို့မဟုတ် လေဆင်နှာမောင်း ဗဟိုချက်သည် ပေါ့ပါးသောလေများနှင့် အများအားဖြင့် ကြည်လင်နေသော မိုးသားတို့ပါဝင်သည့် နေရာအပိုင်းအခြားတစ်ခုဖြစ်သည်။ သို့သော် သတိထားပါ၊ ၎င်းမှာ လေဆင်နှာမောင်း အဆုံးသတ်ခြင်းမဟုတ်ပါ။ အလွန်ပျက်ဆီးစေနိုင်သောလေများသည် အခြားလမ်းကြောင်းမှ ဝင်လာရန်ရှိမည်ဖြစ်သည်။ အထဲမှာ နေပါ။



### လေဆင်နှာမောင်းကို စောင့်ကြပ်ကြည့်ရှုခြင်း

မိုးလေဝသဌာနသည် လေဆင်နှာမောင်း ကျရောက်လိမ်မည့်ဟု ကြိုတင်ခန့်မှန်းရသည့်အချိန်ထက် 48 နာရီစောပြီး Cyclone Watch (လေဆင်နှာမောင်း စောင့်ကြပ်ကြည့်ရှုချက်) ကို ထုတ်ပြန်သည်။ သတင်းအချက်အလက်များကို 6 နာရီခြားတစ်ခေါက် အချိန်နှင့်တစ်ပြေးညီ ပြန်လည်မွမ်းမံ ထုတ်ပြန်ပါသည်။





### လေဆင်နှာမောင်း သတိပေးချက်

လေပြင်းများသည် 24 နာရီအတွင်း ကမ်းခြေ သို့မဟုတ် ကျွန်းနေ လူထုအသိုင်းအဝိုင်းကို ထိခိုက်နိုင်သည်ဟု မျှော်လင့်ရသည်နှင့်တစ်ပြိုင်နက် လေဆင်နှာမောင်း သတိပေးချက်ကို ထုတ်ပြန်ပါသည်။ ထိုသတိပေးချက်၌ လေဆင်နှာမောင်း ကျရောက်မည့်နေရာ၊ ၎င်း၏ရွေ့လျားမှုများ၊ မည်မျှပြင်းထန်မည်တို့ကို ဖေါ်ပြထားပြီး၊ ဘေးအန္တရာယ်ကျရောက်ဖွယ်ရှိမည့် အရပ်ဒေသများကို ခန့်မှန်းဖော်ပြသည်။ သည်းထန်စွာ မိုးရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် မုန်တိုင်း လှိုင်းလုံးကြီးခြင်းတို့၏ ခန့်မှန်းချက်များကိုလည်း လိုအပ်လျှင်လိုအပ်သလို ထည့်သွင်းဖေါ်ပြထားမည်ဖြစ်သည်။ ကဲန်စ် (Cairns) တွင် နေထိုင်ကြသူများနှင့် ဧည့်သည်များသည် မိမိတို့၏ အသက်ဘေးနှင့် ပိုင်ဆိုင်ပစ္စည်းများကို ကာကွယ်ကြရန် ချက်ချင်းပင် ကြိုတင်စီစဉ်သင့်ကြပါသည်။

# လေဆင်နှာမောင်း အမျိုးအစားများ

## အဆင့်သတ်မှတ်ချက်မှာ အဘယ်နည်း။

အပူပိုင်းဒေသ လေဆင်နှာမောင်း၏ ကြီးကျယ်ပြင်းထန်မှုကို အောက်ပါအမျိုးအစားများအရ ဖော်ပြထားပါသည်။ ကြီးကျယ်ပြင်းထန်မှု၏ ခန့်မှန်းချက်ကို အပူပိုင်းဒေသ လေဆင်နှာမောင်းဆိုင်ရာ သတိပေးနှိုးဆော်ချက်များတွင် ထည့်သွင်းပြသထားပြီး၊ မျှော်မှန်းထားသော အဆိုးရွားဆုံးဖြစ်နိုင်စရာ အခြေအနေများကို ယေဘုယျအားဖြင့် နားလည်သိရှိစေပါသည်။ လူထုအသိုင်းအဝိုင်းများသည် ဤတိုင်းတာမှုစနစ်ကို အသုံးပြု၍ ဘေးအန္တရာယ်၏ အတိုင်းအတာကို ချင့်တွက်နိုင်ကာ သင့်တော်သလို အရေးယူဆောင်ရွက်နိုင်ပါသည်။ ပျက်စီးမှုသည် အရှိန်အပြင်းဆုံး လေတိုက်ခတ်မည့် နေရာအပိုင်းအခြားမှ အကွာအဝေး၊ သင့် တည်နေရာက မည်မျှ အကာအကွယ်မဲ့ဖြစ်နေခြင်း၊ အဆောက်အအုံ၏ အရည်အသွေးစံ နှင့် သဘာဝပေါက်ပင်၏ အမျိုးအစားများကဲ့သို့သော အခြေခံကြောင်းအချက်များတို့အပေါ်မူတည်ပါသည်။ ယင်းအမျိုးအစားများ၌ ရေကြီးခြင်း၏ အတိုင်းအတာကိုသော်လည်းကောင်း၊ မုန်တိုင်းလှိုင်းလုံးကြီးခြင်း၏ အတိုင်းအတာကိုသော်လည်းကောင်း၊ မဖော်ပြထားပါ။

| အမျိုးအစားများ | အပြင်းထန်ဆုံး ရုတ်တရက်တိုက်ခတ်သည့် လေပြင်း | လေဆင်နှာမောင်းများ၏ ဖြစ်ရိုးဖြစ်စဉ် အကျိုးသက်ရောက်မှုများ |
|---|---|---|
| 1 | တစ်နာရီလျှင် ကီလိုမီတာ 90 မှ 124 နှုန်းအထိ | မဖြစ်စလောက်သော အိမ်ပျက်စီးခြင်း၊ သီးနှံများ၊ သစ်ပင်များ၊ နောက်တွဲလူနေယာဉ်များ အချို့ပျက်စီးခြင်း၊ ဆိပ်ခံရှိ ရေယာဉ်အား တရွတ်တိုက် ဆွဲခံရခြင်းတို့ဖြစ်နိုင်ဖွယ်ရှိမည် |
| 2 | တစ်နာရီလျှင် ကီလိုမီတာ 125 မှ 164 နှုန်းအထိ | အသေးစား အိမ်ပျက်စီးခြင်း၊ သင်္ကေတအမှတ်အသားများ၊ သစ်ပင်များ၊ နောက်တွဲလူနေယာဉ်များ သိသိသာသာပျက်စီးခြင်း၊ သီးနှံအချို့ အလွန်အကျွံ ပျက်စီးခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်နိုင်သည့် အလားအလာရှိခြင်း၊ သေးငယ်သည့် ရေယာဉ်အား ချည်နှောင်ထားသောကြိုး ပြတ်တောက်နိုင်ဖွယ်ရှိ ခြင်းတို့ဖြစ်နိုင်သည်။ |
| 3 | တစ်နာရီလျှင် ကီလိုမီတာ 165 မှ 224 နှုန်းအထိ | အမိုးနှင့် အဆောက်အအုံ ဖွဲ့စည်းတည်ဆောက်ပုံ အချို့ပျက်စီးခြင်း၊ နောက်တွဲလူနေယာဉ်များ နှင့် သီးနှံများအချို့ ပျက်စီးခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်နိုင်ခြေရှိခြင်းတို့ ဖြစ်နိုင်သည်။ |
| 4 | တစ်နာရီလျှင် ကီလိုမီတာ 225 မှ 279 နှုန်းအထိ | အမိုး နှင့် အဆောက်အအုံ ဖွဲ့စည်းတည်ဆောက်ပုံများ သိသိသာသာပျက်စီးခြင်း၊ နောက်တွဲလူနေယာဉ် အများအပြား ပျက်စီး၍ လွင့်စင်သွားခြင်း၊ ဘေးအန္တရာယ်ကြီးသော အကျိုးအပဲ့အစအနများ လေနှင့်အတူ လွင့်ပါခြင်း၊ နေရာအနှံ့အပြား လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းတို့ ဖြစ်နိုင်သည်။ |
| 5 | တစ်နာရီလျှင် ကီလိုမီတာ 280 အထက် နှုန်း | နေရာအနှံ့အပြား ပျက်စီးမှုရှိကာ ဘေးအန္တရာယ် အလွန်ကြီးမားသည်။ |




# မုန်တိုင်းလှိုင်းလုံးကြီးခြင်း များအကြောင်း

## မုန်တိုင်းလှိုင်းလုံးကြီးခြင်းဆိုသည်မှာ အဘယ်နည်း

**မုန်တိုင်းလှိုင်းလုံးကြီးခြင်းဆိုသည်မှာ ဆိုင်ကလုန်းမုန်တိုင်းနှင့် ဆက်နွယ်မှုရှိသော သမုဒ္ဒရာ မျက်နှာပြင် မြင့်တက်မှုဖြစ်သည်**




မုန်တိုင်းလှိုင်းလုံးကြီးခြင်းသည် သမုဒ္ဒရာ မျက်နှာပြင်ပေါ်၌ လေပြင်း၏ တိုးဝှေ့မှုကြောင့်ဖြစ်ရပြီး၊ မုန်တိုင်း၏ လေဖိအားသည် ပုံမှန်အောက် လျော့နည်းမှုကြောင့်ဖြစ်ရသည်။ ဆိုင်ကလုန်းမုန်တိုင်းက ကမ်းခြေသို့ ရောက်ရှိသည်နှင့်အမျှ၊ ပြင်းထန်သော လေပြင်းများက ပင်လယ်ကို ခလောက်၍ ခုံးထသော ရေထုကို မြေနိမ့်ကမ်းစပ်ဒေသများအပေါ် တွန်းပို့ပြီး ရေလွှမ်းမိုးစေခြင်း၊ အဆောက်အဦများကို ပျက်စီးစေခြင်း နှင့် ဘေးကင်းရာသို့ စွန့်ခွာထွက်ပြေးနိုင်ရာ လမ်းကြောင်းများ ပြတ်တောက်သွားစေခြင်းတို့ကို ဖြစ်ပေါ်စေသည်။




Storm Tide Property Search (မုန်တိုင်းကာလ ပစ္စည်းများ ရှာဖွေရေး) နှင့် Cairns Regional Council (ကဲန်စ် ဒေသဆိုင်ရာ ကောင်စီ) အရပ်ဒေသအတွက် မုန်တိုင်းလှိုင်းလုံးကြီးသည့် အပိုင်းအခြားများကို ညွှန်ပြသော မြေပုံအသေးစိတ်များကို ကောင်စီ၏ ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပြီး ကဲန်စ် ဒေသဆိုင်ရာ ကောင်စီမှ ရရှိနိုင်သော Storm Guide Evacuation Guide (မုန်တိုင်းလမ်းညွှန်၊ စွန့်ခွာရေးဆိုင်ရာ လမ်းညွှန်) တွင် ဖေါ်ပြထားပါသည်။

**www.cairns.qld.gov.au/disaster**

# ဘေးကင်းရာသို့ စွန့်ခွာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

## သင် မည်သည့်အခါ၌ နှင့် မည်သည့်အကြောင်းကြောင့် ဘေးကင်းရာသို့ စွန့်ခွာသင့်သနည်း

- သင့်အား စွန့်ခွာရန် အကြောင်းမကြားသမျှ၊ အိမ်အတွင်း၌ ဘေးကင်းအောင် အမြဲနေနေပြီး၊ သင်နှင့် သင့်မိသားစု စိတ်အေးအေးထားကြပါ
- စွန့်ခွာရေးဆိုင်ရာ အချက်အလက်များကို သိရှိရန် ရေဒီယိုနှင့် အခြားပြန်ကြားဆက်သွယ်ရေးဆိုင်ရာ ရင်းမြစ်များကို နားဆင်ပါ
- အကယ်၍သင်သည် မုန်တိုင်းလှိုင်းလုံးကြီးသော အရပ်ဒေသတွင်ရှိပြီး ထိုနေရာမှ စွန့်ခွာရန် လိုအပ်လာခဲ့သော်၊ သင့်မိသားစုနှင့် မိတ်ဆွေများအတွက် "ပိုမိုမြင့်မားသောနေရာများ" တွင် ပိုမိုဘေးကင်းလုံခြုံသည့် ယာယီနေထိုင်စရာနေရာကို ကြိုတင်ပြင်ဆင်ထားရန် သင့်အား တိုက်တွန်းအပ်ပါသည်။
- အကယ်၍ စွန့်ခွာရမည့်အမိန့်ကျခဲ့ပြီး အခြားသွားစရာနေရာ မရှိကြသူများအတွက် ခိုလှုံရာနေရာကို စီစဉ်ပေးလိမ့်မည်ဖြစ်သည်။ အိမ်မွေးတိရိစ္ဆာန်များ၊ အရက် နှင့် လက်နက်များကို ခွင့်မပြုပါ။
- အကယ်၍ စွန့်ခွာရန်အမိန့်ကို ထုတ်ခဲ့လျှင် အရေးပေါ် ဝန်ဆောင်မှု အဖွဲ့အစည်းဝန်ထမ်းများက သင်နေထိုင်ရာလမ်းတစ်လျှောက် အိမ်များကို တံခါးခေါက်ကာ ပိုမိုဘေးကင်းလုံခြုံသည့်နေရာသို့ လမ်းညွှန်ပေးပါလိမ့်မည်။
- အရေးပေါ်အခြေအနေတွင် လိုအပ်သည့်ပစ္စည်း အစုံအလင်အပြင် အိပ်ရာခင်းများနှင့် တဘက်များကိုလည်း သင်နှင့်အတူ ယူဆောင်သွားပါ။
- သင်၏ အသေးစိတ်အချက်အလက်များကို National Registration and Inquiry System (နိုင်ငံတော် မှတ်ပုံတင်ရေး နှင့် စုံစမ်းရေး စနစ်) တွင် 1800 727 077 သို့ ဖုန်းဆက်၍ သို့မဟုတ် www.redcross.org.au ၌ အွန်လိုင်းအရ အမည်စာရင်းသွင်းပါ။

